
## ■ သုံးလအတွင်း ဒုက္ခသည် သုံးသိန်းခွဲကျော် တိုးလာ




ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့်
ထိုင်းနယ်စပ်ရှိ
ဒုက္ခသည် အရေအတွက်

**၁,၀၀၂,၀၀၀+**

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာရသူ စစ်ပြေးဒုက္ခသည်ပေါင်း ၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင်လည်း ရိုဟင်ဂျာဒုက္ခသည် ၈၈၀,၀၀၀ ကျော် ရှိနေသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် ဘက်ခြမ်းတွင်လည်း မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာရသူ စစ်ပြေးဒုက္ခသည် ၃၀,၀၀၀ ကျော်ထက်မနည်း ရှိနေသည်။

စစ်အာဏာသိမ်းပြီးနောက်
တိုးလာသော စစ်ပြေးဒုက္ခသည်
အရေအတွက်

**၇၅၂,၅၈၉+**

တိုက်ပွဲနှင့် စစ်ရေးပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် ပြည်တွင်း စစ်ပြေးဒုက္ခသည်များဖြစ်ပြီး စစ်ကိုင်းတိုင်းတခုတည်း၌ ၂၀၀,၀၀၀ ကျော် ရှိနေသည်။


ယခင်ရှိထားသော
စစ်ပြေးဒုက္ခသည် အရေအတွက်

**၄၉၇,၂၀၀+**

လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ် မတ် ၂၀ ရက်အထိ စုစုပေါင်း **၁,၂၄၉,၇၈၉ ဦးကျော်** ရှိလာသည်။ အဆိုပါ ပမာဏအနက် **၇၅၂,၅၈၉ ဦးကျော်**မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့် အရေအတွက်ဖြစ်သည်။ ယခင်နှစ်လကဖော်ပြခဲ့သော အချက်အလက်များအရ စစ်ပြေးဒုက္ခသည် အရေအတွက် **၃၉၀,၉၂၇ ဦးကျော် (အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၆၈ ကိုရှု)** ရှိခဲ့ရာမှ ယခု **၇၅၂,၅၈၉ ဦးကျော်**အထိ ရှိလာသဖြင့် သုံးလတာကာလအတွင်း **၃၆၁,၆၆၂ ဦးကျော်** တိုးလာခဲ့ခြင်းဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## စစ်ကိုင်းတိုင်းတခုတည်း၌ ဒုက္ခသည် နှစ်သိန်းကျော်ရှိ





စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (EAOs) အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ(PDF/LDF/CDF/CNDF/KNDF စသည်ဖြင့်)နှင့် စစ်ကောင်စီတို့အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာသည်။ အဆိုပါအခြေအနေများကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ ဒုက္ခသည်များတိုးလာပြီး တနှစ်ကျော်ကာလအတွင်း စုစုပေါင်း **၇၅၂,၅၈၉ ဦးကျော်**အထိ ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်အများဆုံးရှိလာသည့်ဒေသမှာ စစ်ကိုင်းတိုင်းဖြစ်ပြီး စုစုပေါင်း **၂၀၂,၇၅၀ ကျော်** ရှိနေသည်။ ကယားပြည်နယ်မှာ ဒုတိယအများဆုံးဖြစ်ပြီး စစ်ပြေးဒုက္ခသည်စုစုပေါင်း **၁၉၇,၁၁၅ ဦးကျော်**၊ မကွေးတိုင်းတွင် **၈၄,၀၀၀ ဦးကျော်**နှင့် တတိယအများဆုံး ဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

CONFLICT, PEACE AND SECURITY

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၉**

## ■ ရှစ်လအတွင်းတိုးလာသည့် စစ်ပြေးဒုက္ခသည်များ




၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၂၀ ရက် အထိ ရှစ်လကျော်ကာလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများကြောင့် တိုးလာသည့် စစ်ပြေးဒုက္ခသည်များ၏ အရေအတွက်အခြေပြု တည်နေရာပြမြေပုံ ဖြစ်ပါသည်။ စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များ (EAOs) အကြား ဖြစ်ပွားသော တိုက်ပွဲများ၊ EAOs အချင်းချင်းဖြစ်ပွားသော တိုက်ပွဲများ၊ စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF/CDF/CNDF/KNDF စသည်ဖြင့်) တို့အကြား ဖြစ်ပွားသောတိုက်ပွဲများကြောင့် ထပ်မံ၍ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း ဖြစ်သည်။ ယခုဖော်ပြထားသော တည်နေရာများသည် ဒုက္ခသည်များ နေရပ်စွန့်ခွာခဲ့ရသည့် မြို့နယ်တည်နေရာများကို ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ကိုးကားထားခြင်းဖြစ်ပြီး လက်တွေ့ မြေပြင်အနေအထားတွင် ယခုထက် ပိုမို များပြားနိုင်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## စစ်ပြေးဒုက္ခသည်များ အခြေအနေ (၂၀၂၂ ခုနှစ် မတ် ၂၀ ရက်အထိ)

**စစ်ကိုင်းတိုင်း**

၂၀၂၂ခုနှစ်မတ်လအတွင်းစစ်ကိုင်းတိုင်းရှိမြို့နယ်များ၌ဒေသခံကာကွယ်ရေးတပ်ဖွဲ့များနှင့်စစ်ကောင်စီတို့အကြား တိုက်ပွဲနှင့် စစ်ရေးပဋိပက္ခများ ပြင်းထန်ခဲ့သည်။ ထို့အပြင် မတ်လ တလအတွင်း စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၏ **နေအိမ် ၇၇၃ လုံးကျော်**ထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း သိရသည်။ အဆိုပါ တိုက်ပွဲနှင့် စစ်ရေးပဋိပက္ခဖြစ်စဉ်များကြောင့် မတ်လ ပထမပတ်မှ တတိယပတ်အထိ စစ်ကိုင်းတိုင်းမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူ **၆၆,၂၅၀ ဦးကျော်**ထက်မနည်း ရှိလာခဲ့သည်။

**ကယားပြည်နယ်**

မတ်လ ပထမပတ်အတွင်း ကယားပြည်နယ်အတွင်း၌ ဒေသခံကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး၊ အဆိုပါတိုက်ပွဲများကြောင့် ဒီးမော့ဆိုမြို့နယ်နှင့် ဖယ်ခုံမြို့နယ်များမှ ဒေသခံပြည်သူ **၂၀,၀၀၀ ကျော်**ထက်မနည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

**ချင်းပြည်နယ်**

မတ်လ ပထမပတ်အတွင်း ချင်းပြည်နယ်၊ ဖလမ်းမြို့နှင့် ကန်ပက်လက်မြို့များအတွင်း ဒေသခံကာကွယ်ရေးတပ်ဖွဲ့ များနှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲများပြင်းထန်ခဲ့ကြောင်း သိရသည်။ အဆိုပါတိုက်ပွဲများကြောင့် ဖလမ်း မြို့နယ်မှ ဒေသခံ **၆,၀၀၀ ကျော်**နှင့် ကန်ပက်လက်မြို့နယ်မှ ဒေသခံ **၁,၂၀၀ ကျော်**ထက်မနည်းမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရကြောင်း သိရသည်။

**ပဲခူးတိုင်း**

မတ်လ ဒုတိယပတ်အတွင်း ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်(ဆောထိ)မြို့နယ်အတွင်း စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သောကြောင့် ဒေသခံ **၃,၇၀၀ ကျော်**ထက်မနည်း ထွက်ပြေးတိမ်းရှောင်နေ ကြရကြောင်း သိရသည်။ ထို့အပြင် မတ် ၁၅ ရက်၌ ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်၊ လဲပင်ရွာအတွင်း စစ်ကောင်စီ တပ်သားများ ဝင်ရောက်လာပြီး နေအိမ် **၁၆ လုံး**ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် ဒေသခံ **၅၂၀ ကျော်**ထက်မနည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း သိရသည်။

**ရှမ်းပြည်နယ်**

မတ်လ ပထမပတ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့နယ်၊ ဆနင်းကျေးရွာအုပ်စုအနီးရှိ ဆနင်းတောင် ကြောတွင် မြောက်ပိုင်းမဟာမိတ်တပ်များ ရောက်ရှိလာခဲ့သည်။ ၎င်းတို့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) တို့အကြားတိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်သဖြင့် အဆိုပါ တောင်ကြောတလျှောက်ရှိ ကျေးရွာများမှ ဒေသခံ **၁,၀၀၀ ကျော်**ထက်မနည်းမှာ ပင်လုံမြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြကြောင်း သိရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။